# မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ

# စနစ်တကျ ပြေးဆွဲရေးနည်းဥပဒေ

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁ | အခန်း(၁) အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက် | ၁ | - |
| ၂ | အခန်း(၂) ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၂ | - |
| ၃ | အခန်း(၃) ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၃ | ၆ |
| ၄ | အခန်း(၄) ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ | ၆ | - |
| ၅ | အခန်း(၅) ရေယာဉ်အသင်းများမှ လိုက်နာရန်စည်းကမ်းချက်များ | ၆ | ၇ |
| ၆ | အခန်း(၆) ပုဂ္ဂလိကရေယာဉ်၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများ လိုက်နာရန်စည်းကမ်းချက်များ | ၇ | ၈ |
| ၇ | အခန်း(၇) ကော်မတီ၏ ရငွေသုံးငွေများ သတ်မှတ်ခြင်း | ၈ | ၉ |
| ၈ | အခန်း(၈) ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်း | ၉ | ၁၁ |
| ၉ | အခန်း(၉) ဝန်ထမ်းခန့်ထားခြင်း | ၁၁ | ၁၂ |
| ၁၀ | အခန်း(၁၀) ကော်မတီပိုင် အဆောက်အအုံနှင့် ပစ္စည်းများထိန်းသိမ်းခြင်း | ၁၂ | - |
| ၁၁ | အခန်း(၁၁) အထွေထွေ | ၁၂ | ၁၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၂ / ၂၀၁၄)**

၁၃၇၆ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၄ ရက်

(၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ ၂၂ ရက်)

**အခန်း(၁)**

**အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤနည်းဥပဒေများကို "**မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲရေးနည်းဥပဒေများ**" ဟုခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် မန္တလေးတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးဥပဒေတွင် ပါ ရှိသည့်အတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည့်အပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဦးစီး** ဌာနဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနကို ဆိုသည်။

(ခ) **ရေယာဉ်အသင်း** ဆိုသည်မှာ ဥပဒေနှင့်အညီ မှတ်ပုံတင်၍ ပြေးဆွဲလုပ်ကိုင်နေသော သယ်ယူပို့ဆောင်ရေးရေယာဉ်အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီကို ဆိုသည်။

(ဂ) **ရေယာဉ်အသင်း မှတ်ပုံတင်ကြေး**ဆိုသည်မှာ ရေယာဉ်အသင်း၊ အဖွဲ့များက ကော်မတီ၌ မှတ်ပုံတင်ရာတွင် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကောက်ခံပေးသွင်းသော မှတ်ပုံတင် အခကြေးငွေကို ဆိုသည်။

(ဃ) **စည်းကြပ်ခ** ဆိုသည်မှာ တိုင်းဒေသကြီးအတွင်း နေ့စဉ်ဝင်ထွက် ပြေးဆွဲနေသော ရေယာဉ်များအပေါ် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းကြပ်ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

(င) **ဒဏ်ကြေး** ဆိုသည်မှာ လုပ်ငန်းလိုင်စင်၌ သတ်မှတ်ထားသော စည်းကမ်းချက်များ၊ ရေယာဉ်စည်းကမ်းများ သို့မဟုတ် ကော်မတီမှ ထုတ်ပြန်ထားသည့် စည်းကမ်းများကို ဖောက်ဖျက်သည့်အတွက် ဤနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(စ) **လုပ်ငန်းလိုင်စင်** ဆိုသည်မှာ ရေယာဉ်ကိုအသုံးပြုလုပ်ကိုင်သော စီးပွားရေးဆိုင်ရာ လုပ်ငန်းလုပ်ကိုင်ခွင့်အတွက် ဦးစီးဌာနသို့ လျှောက်ထားရမည့်လိုင်စင်ကို ဆိုသည်။

## အခန်း(၂)

## ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဂ္ဂလိကရေယာဉ်များ ကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းရန်အတွက် ကော်မရှင်ကို ဥပဒေနှင့်အညီ အဖွဲ့ဝင် အနည်းဆုံး(၇)ဦးမှ အများဆုံး(၉)ဦးအထိ ဥပဒေနှင့်အညီ သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်။

၄။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီး ကော်မတီ၊ ခရိုင်ကော်မတီ၊ မြို့နယ်ကော်မတီများကို ဖွဲ့စည်းနိုင်ရန်အတွက် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကော်မရှင်များကို လုပ်ငန်းလိုအပ်ချက်နှင့်အညီ ဖွဲ့စည်း နိုင်သည်။

၅။ ကော်မရှင်သည် အောက်ဖော်ပြပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခွင့် ရှိသည်-

(က) ယှဉ်ပြိုင်အရွေးခံရမည့် ကော်မတီဝင်လောင်းများကို သတ်မှတ် အရည်အချင်းနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ရန်၊

(ခ) မည်သည့်ကော်မတီဝင်လောင်းကိုမျှ တိုက်ရိုက်ခန့်အပ်ခြင်း မပြုရန်၊

(ဂ) ခရီးသည်တင်ရေယာဉ်အသင်း၊ ကုန်တင်ရေယာဉ်အသင်းနှင့် မြင်းကောင်ရေ(၂၀) အောက် စက်တပ်ရေယာဉ်အသင်းများမှ အသင်းအသီးသီးအတွက် သတ်မှတ်ပေး သည့် ဦးရေအချိုးအစား နှင့်အညီ ကော်မတီဝင်များကို ဆန္ဒမဲစနစ်ဖြင့်ရွေးချယ်ရန်၊

(ဃ) ကော်မတီရွေးချယ်ရေး၊ အစည်းအဝေးမကျင်းပမီ ရက်သတ္တပတ် နှစ်ပတ်ကြိုတင်၍ ဖိတ်ကြားရန်၊

(င) ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့် နေ့ရက်၊ အချိန်၊ နေရာ သတ်မှန်ရန်၊

(စ) ကော်မတီရွေးချယ်ပွဲကျင်းပရန် တက်ရောက်ခွင့်ရှိသည့် ယာဉ်ပိုင်ရှင် ကိုယ်စားလှယ် ၇၅ရာခိုင်နှုန်း တက်ရောက်မှသာ ရွေးချယ်ပွဲ အထမြောက်သည်ဟု သတ်မှတ်ရန်၊ အထမမြောက်ပါက ရွေးချယ်ပွဲ ထပ်မံကျင်းပ၍ တက်ရောက်ခွင့်ရှိသည့် ယာဉ်ပိုင်ရှင် ကိုယ်စားလှယ် ၅၀ရာခိုင်နှုန်းနှင့်အထက် တက်ရောက်လျှင် ရွေးချယ်ပွဲ အထမြောက် သည်ဟု အတည်ပြုရန်၊

(ဆ) ရွေးချယ်ခြင်းခံရသည့်ကော်မတီဝင်အမည်စာရင်းကို ကြေငြာရန်၊

(ဇ) ရွေးချယ်ခံရသည့်ကော်မတီဝင်အမည်စာရင်းကို ဝန်ကြီးထံတင်ပြ၍ အတည်ပြုချက် ရယူရန်၊

## အခန်း(၃)

## ကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၆။ ကော်မရှင်သည် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကော်မတီများကို အောက်ပါ အတိုင်းဖွဲ့စည်း ရမည်-

(က) သက်ဆိုင်ရာမြို့နယ်အခြေစိုက် ကုန်တင်ရေယာဉ်အသင်းများ ခရီးသည်တင် ယာဉ်အသင်းများနှင့် မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်အသင်းများမှ ကိုယ်စားလှယ်များဖြင့် ပါဝင် ဖွဲ့စည်းရမည်။

(ခ) ကော်မတီဝင် အနည်းဆုံး(၅)ဦးမှ အများဆုံး(၉)ဦးအထိ ဖွဲ့စည်း နိုင်သည်။

(ဂ) ကော်မတီဝင်အဖြစ် ရွေးချယ်ခံရသူများအနက်မှ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ စာရင်းစစ်နှင့် ဘဏ္ဍာရေးမှူးတို့ကို မဲစနစ် ဖြင့် ရွေးချယ်ရမည်။

၇။ ခရိုင်/မြို့နယ်အလိုက် ကော်မတီဝင်များကို အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများကို လျှို့ဝှက်ဆန္ဒမဲဖြင့် ရွေးချယ်ရမည်-

(က) သက်ဆိုင်ရာ ခရိုင်/မြို့နယ်အခြေစိုက် ရေယာဉ်အသင်းဝင် ဖြစ်သည့် ရေယာဉ်ပိုင်ရှင်၊

(ခ) ရွေးချယ်မည့် ခရိုင်/မြို့နယ်အတွင်း အနည်းဆုံး(၁)နှစ် အခြေစိုက်နေထိုင်လုပ်ကိုင်သူ၊

(ဂ) အသက်(၂၅)နှစ် ပြည့်ပြီးသူ၊

(ဃ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်သူ၊

(င) လိုအပ်ပါက နေ့ညအချိန်အခါမရွေး တာဝန်ထမ်းဆောင်နိုင်သူ၊

(စ) အများကြည်ညိုလေးစားခြင်းခံရသူ၊

(ဆ) စိတ်ပေါ့သွပ်ခြင်းမရှိသူ။

၈။ အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်လာပါက ကော်မရှင်သည် ကော်မတီတစ်ရပ်လုံး ကို တာဝန်မှရပ်စဲ၍ အသစ်ပြန်လည်ဖွဲ့စည်းရေးကို ဆောင်ရွက်ရမည်-

(က) ဥပဒေပုဒ်မ(၁၀)ပါ ကော်မတီ၏လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင် နိုင်စွမ်း မရှိခြင်း၊

(ခ) ဆန္ဒမဲပေးပိုင်ခွင့်ရှိသော ရေယာဉ်ပိုင်ရှင် ၇၅ရာခိုင်နှုန်းက ကော်မတီကို ဖျက်သိမ်းပေး ရန် ကော်မရှင်သို့ အကျိုးအကြောင်း ခိုင်လုံစွာတင်ပြခြင်း။

၉။ အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လာပါက ကော်မရှင်သည် ကော်မတီဝင်အား

တာဝန်မှရပ်စဲ၍ အစားထိုးရွေးချယ်စေရမည်-

(က) ဥပဒေပုဒ်မ ၁၀ပါ ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်စွမ်းမရှိခြင်း၊

(ခ) (၃)လထက်ကျော်လွန်၍ ရေယာဉ်ပိုင်ဆိုင်မှုမရှိခြင်း၊

(ဂ) နည်းဥပဒေ ၇ ပါ ကော်မတီဝင် အရည်အချင်းနှင့် ပြည့်စုံမှုမရှိခြင်း၊

(ဃ) ကွယ်လွန်ခြင်း

၁၀။ ကော်မတီဝင်တစ်ဦးဦးက မိမိဆန္ဒအလျောက် နုတ်ထွက်ရန်တင်ပြလာပါက နုတ်ထွက်ခွင့်ပြုပြီး အစားထိုးရွေးချယ်ရမည်။

၁၁။ ကော်မတီ၏ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ဘဏ္ဍာရေးမှူးရာထူးနေရာ လစ်လပ်ပါက ကော်မရှင်၏ ကြီးကြပ်မှုဖြင့် သင့်လျော်သည့် ကော်မတီဝင်တစ်ဦးဦးအား ပူးတွဲတာဝန် ထမ်းဆောင်စေ၍ ရက်သတ္တပတ် (၂)ပတ်အတွင်း ဥပဒေနှင့်အညီ အစားထိုးရွေးချယ်ရမည်။

၁၂။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခွင့် ရှိသည်-

(က) ရေယာဉ်လိုင်းအသစ်ဖွဲ့စည်းခြင်း၊ ခရီးစဉ်တိုးချဲ့ခြင်း၊ ခရီးစဉ်ပြောင်းလဲခြင်း၊ ရေယာဉ်စီးရေပြောင်းလဲခြင်း၊ ယာဉ်အမျိုးအစားပြောင်းလဲခြင်းနှင့် ပို့ဆောင်ရေးဆိုင်ရာ အခြားဆောင်ရွက်လိုသည့် ကိစ္စများနှင့်ပတ်သက်၍ လုပ်ငန်းစီမံချက်ဖြင့် လျှောက်ထားတင်ပြလာပါက ကော်မတီ၏ စိစစ်တွေ့ရှိချက်နှင့်အတူ ဦးစီးဌာနသို့ တင်ပြရမည်။

(ခ) နည်းဥပဒေ ၁၂ (က) ပါ ကိစ္စရပ်များနှင့် ပတ်သက်၍ လျှောက်ထားသည့်အခါ အောက်ပါ စာရွက်စာတမ်းများ ရှိ/မရှိ စစ်ဆေးရမည်-

(၁) လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် လျှောက်လွှာ၊

(၂) လုပ်ငန်းစီမံချက်တွင် ရေယာဉ်အသင်း/ကုမ္ပဏီအမည်၊ ရေယာဉ်အသင်း/ကုမ္ပဏီ၊ မှတ်ပုံတင်ရေယာဉ်အသင်း/ကုမ္ပဏီဖွဲ့စည်းပုံ၊ ပြေးဆွဲမည့် ခရီးစဉ်ဒေသနှင့် အချိန်ကာလ၊ ပြေးဆွဲမည့်စီးရေ၊ ရေယာဉ်လိုင်စင်မှတ်ပုံတင်အမှတ်၊ ရေယာဉ်အမည်၊ ရပ်နားမည့် ဆိပ်ကမ်းနေရာ၊ အရေးပေါ်ကယ်ဆယ်ရေးစီမံချက်၊ ရေယာဉ်စီးခနှုန်းထားများဖော်ပြထားသည့် လုပ်ငန်းစီမံချက်၊

(၃) လျှောက်ထားသူ၏ အမျိုးသားမှတ်ပုံတင် သို့မဟုတ် နိုင်ငံသား စိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း မိတ္တူ၊

(ဂ) နည်းဥပဒေ၁၂(က)ပါ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဦးစီးဌာနသို့ တင်ပြပြီး ခွင့်ပြုချက်

ရရှိပါက မှတ်ပုံတင်စာရင်း ရေးသွင်းရမည်။

(ဃ) ခရီးသည်ပို့ဆောင်ခ၊ ကုန်စည်ပို့ဆောင်ခနှုန်းထားများကို အခါအားလျော်စွာ သင့်လျော်သည့် နှုန်းထားသတ်မှတ်ပေးနိုင်ရန် ဦးစီးဌာနမှတစ်ဆင့် ဝန်ကြီးထံသို့ တွက်ချက်ပုံနှင့်တကွ အဆိုပြု တင်ပြရမည်။

(င) ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းများ စနစ်တကျ ရှိစေရေး အတွက် လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့ တင်ပြ၍ အတည် ပြုချက်ရယူ ထုတ်ပြန်နိုင်သည်။

(စ) ခရီးသည်ပို့ဆောင်ရေး ဆိပ်ကမ်းများ၊ ကုန်တင်ရေယာဉ်ဆိပ်ကမ်းများတွင် ရေယာဉ် များ သတ်မှတ်ချိန်အတိုင်း ဝင်/ထွက်ခြင်း ရပ်နားခြင်းများ စနစ်တကျရှိစေရန် ကြီးကြပ်ကွပ်ကဲရမည်။

(ဆ) ခွင့်ပြုထားသည့် ခရီးစဉ်လမ်းကြောင်း သတ်မှတ်ဆိပ်ကမ်းနေရာများတွင် ရပ်နား ခြင်းမရှိသည့် ရေယာဉ်များအား သတ်မှတ် ဒဏ်ကြေး ပေးဆောင်စေရမည်။

(ဇ) လုပ်ငန်းလိုင်စင်နှင့် ရေယာဉ်လိုင်စင် သက်သေခံလက်မှတ် ပါ /မပါ လိုင်စင် သက်တမ်း လွန်/မလွန် စစ်ဆေးပြီး စည်းကမ်းနှင့် ညီညွတ်မှုမရှိပါက သတ်မှတ် ဒဏ်ကြေးပေးဆောင်စေရမည်။

(ဈ) မိမိအုပ်ချုပ်မှုအောက်ရှိ ဒေသအခြေပြုသည့် ရေယာဉ်များနှင့် အခြားဒေသမှ လာရောက်ပြေးဆွဲသည့် ရေယာဉ်များ၏ အသင်းဝင်၊ ရေယာဉ်စီးရေ၊ ပြေးဆွဲ သည့်ခရီးစဉ်၊ နေ့စဉ် ပြေးဆွဲစီးရေ၊ ခေါက်ရေ၊ ခရီးသည်ဦးရေ၊ တင်ဆောင်သည့် ကုန်တန်ချိန်တို့ကို သတ်မှတ်ပုံစံဖြင့် ပြုစုထားရှိပြီး ဦးစီးဌာနသို့ လစဉ်အစီရင်ခံစာ တင်ပြရမည်။

(ည) ရေယာဉ်ပိုင်ရှင်များအား ရေယာဉ်အာမခံ ခရီးသွားအာမခံ ကုန်သွယ်ခွန်အပြည့်အဝ ပေးဆောင်စေရန်နှင့်၎င်းတို့၏အကျိုး ခံစားခွင့် အာမခံမြန်ဆန်စွာရရှိရေးအတွက် ကြီးကြပ်ကူညီဆောင် ရွက်ပေးရမည်။

(ဋ) သဘာဝဘေးအန္တရာယ်ပေါ်ပေါက်ပါက အသင်းဝင် ရေယာဉ်များအား ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့က ပေးအပ်သည့်တာဝန်ကို အလှည့်ကျစနစ်ဖြင့် ထမ်းဆောင်စေရန် ဆောင်ရွက်ပေးရမည်။

(ဌ) ခရီးသည်တင်ရေယာဉ်များ၊ ကုန်တင်ရေယာဉ်များ ဆိုက်ကပ်ရန် ဆိပ်ကမ်းနေရာများ

နှင့် ကြီးကြပ်စစ်ဆေးရေးစခန်းနေရာများ ဖွင့်လှစ်ရန်အတွက် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ အတည် ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

## အခန်း(၄)

## ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ

၁၃။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ရေယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့ ကို ဖွဲ့စည်းပေးရမည်။ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေး အဖွဲ့ကို ဖွဲ့စည်းရာတွင် အဖွဲ့ဝင်(၈)ဦးထက် မပိုသော ဌာနဆိုင်ရာ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပေး ရမည်။

၁၄။ ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့သည် တိုင်းဒေသကြီးအတွင်း ပုဂ္ဂလိကရေယာဉ်များ ရေကြောင်းအန္တရာယ်ကင်းရှင်းရေးအတွက် အောက်ပါ လုပ်ငန်းတာဝန်များ ဆောင်ရွက်ခွင့်ရှိသည်-

(က) ခရီးသည်တင်ရေယာဉ်များနှင့် ကုန်တင်ရေယာဉ်များ ရေယာဉ်လိုင်စင်၊ ရေယာဉ် အုပ်လက်မှတ်၊ စက်ခန်းအုပ်လက်မှတ် ပြည့်စုံမှု ရှိ/မရှိ စစ်ဆေးရမည်။

(ခ) ခရီးသည်/ကုန်စည် သယ်ယူပို့ဆောင်ခွင့် လုပ်ငန်းလိုင်စင် ရှိ/မရှိ ကို ရေယာဉ် မထွက်ခွာမီ စစ်ဆေးရမည်။

(ဂ) ရေယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ခရီးသည်နှင့် ကုန်စည်တို့အား ရေယာဉ် ဦးပိုင်း၊ ခေါင်းမိုးပေါ်တွင် တင်ဆောင်ခြင်းမပြုဘဲ သတ်မှတ်ထားသောနေရာတွင်သာ တင်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးရမည်။

(ဃ) ရေယာဉ်ဝန်တင်မျဉ်း(LeodLine)ထက် ပိုမိုတင်ဆောင်ခြင်း ရှိ/မရှိ စစ်ဆေးရမည်။

(င) ရေယာဉ်ပေါ်တွင် ခရီးသည်နှင့် ရေယာဉ်ဝန်ထမ်းများအတွက် သတ်မှတ်ထားသော အသက်ကယ်အင်္ကျီ၊ အသက်ကယ်ဘောကွင်း၊ မီးသတ်ဆေးဗူးများ၊ မီးငြိမ်းသတ် သည့် ပစ္စည်းများ၊ ရေပုံးအလွတ်များ ရှိ/မရှိ စစ်ဆေးရမည်။

## အခန်း(၅)

## ရေယာဉ်အသင်းများမှ လိုက်နာရန်စည်းကမ်းချက်များ

၁၅။ ရေယာဉ်အသင်း၊ အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီများသည် ရေယာဉ်လုပ်ငန်း လုပ်ကိုင် ဆောင်ရွက်ရာတွင် အောက်ပါစည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ရမည်-

(က) သမဝယမ သို့မဟုတ် ကုမ္ပဏီမှတ်ပုံတင် လျှောက်ထားရမည်။

(ခ) ရေယာဉ်ပိုင်ဆိုင်မှုရှိမှသာ ရေယာဉ်လိုင်းလျှောက်ထားရမည်။

(ဂ) သယ်ယူပို့ဆောင်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် သက်ဆိုင်ရာမြို့နယ်အတွင်း

အခြေပြုသည့်ရေယာဉ်အသင်းတစ်ခုခု၏ အုပ်ချုပ်မှုအောက်တွင် တည်ရှိရမည်။

(ဃ) အသင်းတစ်ခုတွင် ရေယာဉ်စီးရေ အနည်းဆုံး(၅)စီးရှိရမည်။

(င) သက်တမ်းအများဆုံး (၃) နှစ် ဖြစ်ရမည်။ သက်တမ်းကုန်ဆုံးပါက ကော်မတီတွင် မှတ်တမ်းတင်စာရင်းသွင်းရမည်။

(စ) အသင်းဂိတ်ရုံးများ ထားရှိဆောင်ရွက်စေရမည်။

(ဆ) ကော်မတီသို့ ရောက်ရှိထွက်ခွာ သတင်းပို့ပြီး ခရီးသည်ဦးရေနှင့် ကုန်တင်ဆောင်မှု စာရင်းများ ပေးပို့ရမည်။

(ဇ) နိုင်ငံတော်ပိုင် စီမံကိန်းဝင်ပစ္စည်းများ ပုဂ္ဂလိကအဖွဲ့အစည်းပိုင် ပစ္စည်းများအား သယ်ဆောင်ရာတွင် အငြင်းပွားမှု မဖြစ်ပေါ်စေရန်အတွက် တရားဝင်စာချုပ်ချုပ်ဆို ပြီးမှသာ ဆောင်ရွက်ရမည်။

၁၆။ ရေယာဉ်အသင်း၊ အဖွဲ့အစည်းများ သို့မဟုတ် ကုမ္ပဏီများသည် ဤနည်းဥပဒေများပါ စည်းကမ်းချက်များ၊လုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်များ၊ ရေယာဉ်စည်းကမ်းများ၊ ရေယာဉ် လုပ်သားဆိုင်ရာ စည်းကမ်းချက်များနှင့် ကော်မတီကထုတ်ပြန်ထားသည့်စည်းကမ်းများကို တိကျ စွာလိုက်နာရန် တာဝန်ရှိသည်။ စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း၊ လိုက်နာရန်ပျက်ကွက်ခြင်း တို့အတွက် ဤနည်းဥပဒေများအရ သတ်မှတ်သည့်ဒဏ်ကြေးကို ပေးဆောင်ရန် တာဝန်ရှိသည်။

## အခန်း(၆)

## ပုဂ္ဂလိကရေယာဉ်၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများလိုက်နာရန်စည်းကမ်းချက်များ

၁၇။ ပုဂ္ဂလိကရေယာဉ်၊ ရေယာဉ်ပိုင်ရှင်နှင့် ရေယာဉ်လုပ်သားများသည် အောက်ပါစည်းကမ်းချက် များကို လိုက်နာရမည်-

(က) ရေယာဉ်လိုင်းပြေးဆွဲခွင့်ရရှိသော ရေယာဉ်များသည် သက်ဆိုင်ရာ ဌာနများနှင့် ပတ်သက်သော စာရွက်စာတမ်းများ ပြည့်စုံရမည်ဖြစ်ပြီး လိုအပ်သောလိုင်စင်များ သက်တမ်းမကုန်ဆုံးမီ သက်တမ်းတိုး ဆောင်ရွက်ရမည်။

(ခ) ရေယာဉ်လိုင်းပြေးဆွဲခွင့်ရရှိသော ရေယာဉ်များသည် ပုံမှန်လစဉ် ကြေးများ၊ ခရီးစဉ် အလိုက်ပေးဆောင်ရမည့် စည်းကြပ်ခများကို မပျက်မကွက်ပေးဆောင်ရမည်။

(ဂ) ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ ထုတ်ပြန်ထားသော အမိန့်နှင့် ညွှန်ကြားချက်များ၊ ကော်မတီမှ အခါအားလျော်စွာ ထုတ်ပြန်သော စည်းကမ်းချက်များအား လိုက်နာရမည်။

(ဃ) ရေယာဉ်များ၏ တင်ဆောင်ခွင့်ပြုထားသည့် ခရီးသည်နှင့် ကုန်စည်များအား ဘေး

အန္တရာယ်ကင်းရှင်းစွာဖြင့် အဆင်ပြေချောမွေ့စွာ သယ်ယူပို့ဆောင်ပေးရမည်။

(င) ခရီးသည်များနှင့် ကုန်စည်များ၏ လုံခြုံမှုနှင့် ဘေးအန္တရာယ်ကြုံလာပါက အရေးပေါ် စီမံချက်အတိုင်း ဆောင်ရွက်ရမည်။

(စ) ကုန်တင်ရေယာဉ်များ တိုင်းဒေသကြီးအတွင်း ပြေးဆွဲဆိုက်ကပ်ပါက သက်ဆိုင်ရာ ကော်မတီတွင် မှတ်တမ်းရေးသွင်းရမည်။

## အခန်း(၇)

## ကော်မတီ၏ ရငွေသုံးငွေများ သတ်မှတ်ခြင်း

၁၈။ ကော်မတီသည် အောက်ဖော်ပြပါ မှတ်ပုံတင်ကြေး၊ စည်းကြပ်ခ၊ ဒဏ်ကြေးများအတွက် ကောက်ခံရရှိသည့် အခကြေးငွေများနှင့် ကော်မတီ၏ ရင်းနှီးမြှုပ်နှံမှုများမှ ရရှိသော အမြတ်ငွေများကို ရငွေအဖြစ် သတ်မှတ်ရမည်-

(က) ရေယာဉ်အသင်းများထံမှ သတ်မှတ်ထားသော စာရင်းသွင်း မှတ်တမ်းတင်ကြေး ကောက်ခံခြင်း၊

(ခ) မိမိဒေသရှိ ရေယာဉ်ဆိပ်ကမ်းအတွင်း ဝင်/ထွက်ရပ်နားသော မိမိအခြေစိုက်ရေယာဉ် နှင့် အခြားအခြေစိုက်သောရေယာဉ်များကို ယာဉ်ထွက်ခွာသည့်အခါ သတ်မှတ်ထား သော နှုန်းထားဖြင့် စည်းကြပ်ခကောက်ခံခြင်း၊

(ဂ) ရေယာဉ်စည်းကမ်းနှင့် ကော်မတီ၏ စည်းကမ်းများအား လိုက်နာရန်ပျက်ကွက်သော ရေယာဉ်အသင်း ရေယာဉ်များကို သတ်မှတ်ထားသော ဒဏ်ကြေးကောက်ခံခြင်း၊

(ဃ) ကော်မတီ၏ ရင်းနှီးမြှုပ်နှံမှုများမှ အမြတ်ငွေရရှိခြင်း၊

၁၉။ ကော်မတီသည် ရငွေအဖြစ် သတ်မှတ်ထားသည့် မှတ်ပုံတင်ကြေး၊ စည်းကြပ်ခ၊ ဒဏ်ကြေး များကောက်ခံရာတွင် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ အတည်ပြုချက်ရယူပြီးမှသာ ကောက်ခံဆောင်ရွက်ခွင့်ရှိသည်။

၂၀။ ကော်မတီသည် ရင်းနှီးမြှုပ်နှံမှုနှင့် စီးပွားရေးအရ လုပ်ငန်းခွဲများ ဆောင်ရွက်ရန်အတွက် ဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ခွင့်ရှိသည်။

၂၁။ ကော်မတီသည် ရငွေများအနက်မှ အောက်ဖော်ပြပါသုံးငွေများကို ခွဲဝေသတ်မှတ်သုံးစွဲနိုင်သည်-

(က) ဝန်ထမ်းလစာငွေ ၃၀%

(ခ) ရေယာဉ်အသင်းများအားနှစ်စဉ်ဆုကြေးချီးမြှင့်ရန် ၅%
စုဆောင်းခြင်း

(ဂ) ကော်မတီဝင်များအားဆုကြေးချီးမြှင့်ခြင်း ၁၅%

(ဃ) ရင်းနှီး၊ မြှုပ်နှံ၊ စုဆောင်းခြင်း ၁၀%

(င) ရေယာဉ်ဝန်ထမ်းများအတွက်ဆုချီးမြှင့်ခြင်း ၅%

(စ) လူမှုရေး၊ဘာသာရေး၊ပညာရေး၊ကျန်းမာရေး၊ ယဉ်ကျေး မှုကိစ္စရပ်များတွင် လှူဒါန်းခြင်းနှင့် ရေယာဉ်စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ တွင်သုံးစွဲခြင်း ၁၅%

(ဆ) ရုံးလုပ်ငန်း ၁၀%

(ဇ) အထွေထွေသုံးစွဲခြင်း ၁၀%

၂၂။ ကော်မတီသည် ရငွေစာရင်းမှ ငွေစာရင်းခေါင်းစဉ်ပြောင်းလဲသုံးစွဲရန် အကြောင်းပေါ်ပေါက်လာပါက ခိုင်လုံသော အကြောင်းပြချက်ဖြင့် ပြောင်းလဲသုံးစွဲ ရမည်။

## အခန်း(၈)

## ဘဏ္ဍာရေးနှင့် ငွေစာရင်းစစ်ဆေးခြင်း

၂၃။ ကော်မတီသည်-

(က) ဘဏ္ဍာငွေနှင့် ပုံသေပိုင်ပစ္စည်းများကို အစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် စာရင်းစစ်အဖွဲ့၏ အတည်ပြုစစ်ဆေးပြီးမှသာ ပုဂ္ဂလိကရေယာဉ်များ စနစ်တကျ ပြေးဆွဲနိုင်ရေးကော်မတီ၏ ဘဏ္ဍာငွေနှင့် ပုံသေပိုင်ပစ္စည်းများအဖြစ် လွှဲပြောင်းလက်ခံရယူရမည်။

(ခ) ရငွေ/သုံးငွေများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ လစဉ်ရေးဆွဲ၍ ဆောင်ရွက်ရမည်။

(ဂ) ကော်မတီပိုင်ငွေကို မြန်မာ့စီးပွားရေးဘဏ် သို့မဟုတ် ပုဂ္ဂလိကဘဏ်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးတို့၏အမည်ဖြင့် ငွေစာရင်းဖွင့်လှစ်ဆောင်ရွက်ရမည်။

(ဃ) ငွေကြေးထုတ်ယူသုံးစွဲရာတွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူး (၃)ဦး အနက် (၂)ဦး၏ လက်မှတ်ဖြင့် ထုတ်ယူသုံးစွဲရမည်။

(င) ငွေပေးငွေယူကိစ္စရပ်များတွင် လုပ်ငန်းအပေါ် အခြေခံသည့် ချက်လက်မှတ်ဖြင့် အသုံးပြုရမည်။

(စ) အရေးပေါ်သုံးစွဲရန် လိုအပ်ပါက ဥက္ကဋ္ဌ သို့မဟုတ် အတွင်းရေးမှူး ခွင့်ပြုချက်ဖြင့် ထုတ်ယူပြီး အနီးဆုံး အစည်းအဝေးတွင် အတည်ပြုချက် ရယူရမည်။

(ဆ) ငွေကြေးသုံးစွဲခြင်းကို ကော်မတီအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ပြီးမှ သုံးစွဲရမည်။

(ဇ) ကျပ်သိန်းနှစ်ဆယ်နှင့်အထက် ရင်းနှီးမြှုပ်နှံရန်လိုအပ်ပါက ဝန်ကြီးသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ သုံးစွဲရမည်။

(ဈ) ရေယာဉ်ပိုင်ရှင်များပါဝင်သည့် အစည်းအစည်းအဝေးများကို (၆)လ တစ်ကြိမ်ခေါ်ယူကျင်းပရမည်ဖြစ်ပြီး ငွေစာရင်းရှင်းတမ်းများကို အစည်းအဝေးတွင်မှတ်တမ်းတင်ရမည်။

(ည) စည်းကမ်းထိန်းသိမ်းရေးအဖွဲ့မှ ကွင်းဆင်းစစ်ဆေးသည့်အခါ ကော်မတီသည် အဖွဲ့ဝင်အဖြစ် လိုက်ပါဆောင်ရွက်ရမည်။

၂၄။ ကော်မတီသည် အောက်ပါကိစ္စရပ်များအတွက် လုပ်ထုံးလုပ်နည်းများနှင့်အညီ သတ်မှတ်ထုတ်ပြန်နိုင်သည်-

(က) ရသုံးခန့်မှန်းခြေငွေစာရင်းရေးဆွဲခြင်း၊

(ခ) ဘဏ်စာရင်းများဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဂ) ဘဏ္ဍာရေးလုပ်ပိုင်ခွင့်သတ်မှတ်ခြင်း၊

(ဃ) ငွေများလက်ခံထိန်းသိမ်းခြင်း၊

(င) အသုံးစရိတ်များကိုသုံးစွဲခြင်း၊

(စ) ငွေစာရင်းထိန်းသိမ်းခြင်း၊

(ဆ) ပစ္စည်းဝယ်ယူလက်ခံထိန်းသိမ်းခြင်း၊

(ဇ) အထွေထွေ၊

၂၅။ ကော်မတီဝင်များနှင့် ဝန်ထမ်းများ၏ ထောက်ပံ့ကြေးနှင့် လစာနှုန်းများကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် သုံးစွဲရမည်။

၂၆။ အဆိုပါ ထောက်ပံ့ကြေးနှင့် လစာနှုန်းထားသည် နိုင်ငံတော်ဝန်ထမ်းများ၏ လစာနှုန်းထား ပြောင်းလဲမှုများရှိပါက ကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် သုံးစွဲရမည်။

၂၇။ ကော်မတီပိုင် မတည်ပစ္စည်းနှင့် ငွေစာရင်းများကို ဘဏ္ဍာရေးနှစ်အလိုက် စာရင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

၂၈။ ရုံးအကြီးအကဲ (ဌာနမှူး)သည် ငွေစာရင်းလုပ်ထုံးလုပ်နည်းများနှင့်အညီ စာရင်းပြုစု ထိန်းသိမ်းနိုင်ရန်ကြီးကြပ်ခြင်း၊ တာဝန်ပေးအပ်ခြင်း၊ စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရမည်။

## အခန်း(၉)

## ဝန်ထမ်းခန့်ထားခြင်း

၂၉။ ကော်မတီသည် လုပ်ငန်းလိုအပ်ချက်အရ လုပ်ငန်းကဏ္ဍအလိုက် ခရီးသည် ပို့ဆောင်ရေး ကုန်စည်ပို့ဆောင်ရေးဌာနခွဲများဖြင့် ဖွဲ့စည်းရမည်။လိုအပ်သည့်ဝန်ထမ်း အင်အားကို ကျစ်လစ်စွာ ဖွဲ့စည်းပြီး ကော်မတီ၏အတည်ပြုချက်ဖြင့် ခန့်ထားနိုင် သည်။

၃၀။ ကော်မတီသည် (၅)ဦးထက်မနည်း ပါဝင်သောအဖွဲ့ဖြင့် ဝန်ထမ်းများရွေး ချယ်ခန့်ထားရမည်။

၃၁။ ကော်မတီသည် လုပ်ငန်းများဆောင်ရွက်ရန် ဝန်ထမ်းများကို အောက်ပါ ရာထူးအဆင့်များ သတ်မှတ်ခန့်ထားနိုင်သည်-

| စဉ် | အဆင့် | ရာထူးအမည် |
|---|---|---|
| (က) | အဆင့်(၁) | ဌာနမှူး |
| (ခ) | အဆင့်(၂) | ဒုဦးစီးမှူး၊ ကြီးကြပ်ရေးမှူး |
| (ဂ) | အဆင့်(၃) | အကြီးတန်းစာရေး၊<br>လ/ထ ကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>ဒု-ကြီးကြပ်ရေးမှူး |
| (ဃ) | အဆင့်(၄) | အငယ်တန်းစာရေး၊<br>ဒုလ/ထကွန်ပျူတာလုပ်ဆောင်ရေးမှူး<br>လ/ထ ကြီးကြပ်ရေးမှူး |
| (င) | အဆင့်(၅) | ယာဉ်မောင်း |
| (စ) | အဆင့်(၆) | ရုံးအကူစာပို့ |

၃၂။ ကော်မတီသည် ဝန်ထမ်းများကို အစမ်းခန့်ကာလ (၃)လအတွင်း အကျင့်စာရိတ္တ တာဝန် ကျေပွန်မှု အလုပ်အကိုင် ကျွမ်းကျင်မှုတို့နှင့်စပ်လျဉ်း၍ ကျေနပ်ဖွယ်ရာရှိပါက အတည်ပြုခန့်ထား နိုင်သည်။ အစမ်းခန့်ကာလအတွင်း ကျေနပ်ဖွယ်ရာမရှိပါက ဝန်ထမ်းကို ရာထူးမှရပ်စဲနိုင်သည်။

၃၃။ ကော်မတီသည် အောက်ဖော်ပြပါ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ရေးဆွဲရမည်-

(က) ဝန်ထမ်းစတင်ခန့်ထားခြင်း၊

(ခ) ရာထူးပြောင်းရွှေ့ခန့်ထားခြင်း၊

(ဂ) ရာထူးတိုးမြှင့်ခန့်ထားခြင်း၊

(ဃ) နှုတ်ထွက်ခြင်း၊ ထုတ်ပယ်ခြင်း၊

(င) သာမန်အလုပ်ချိန် သတ်မှတ်ခြင်းနှင့် အချိန်ပိုဆောင်ရွက်စေခြင်း၊

(စ) အခကြေးငွေပေးခြင်းနှင့် အခြားရပိုင်ခွင့်များ၊

(ဆ) ခွင့်ခံစားခြင်း၊

(ဇ) ဝန်ထမ်းများ ထမ်းဆောင်ရမည့် တာဝန်၊ စောင့်ထိန်းရမည့် ကျင့်ဝတ်နှင့် လိုက်နာရမည့် စည်းကမ်းများ၊

(ဈ) ဌာနဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူခြင်း၊

## အခန်း(၁၀)

## ကော်မတီပိုင် အဆောက်အအုံနှင့် ပစ္စည်းများထိန်းသိမ်းခြင်း

၃၄။ ကော်မတီသည်-

(က) ယာဉ်၊ စက်၊ အဆောက်အဦ ပစ္စည်းများကို လယ်ဂျာစာရင်းဖြင့် စနစ်တကျ ပြုစုထားရမည်။

(ခ) ယာဉ်၊ စက်၊ အဆောက်အဦများကို အလုံးစုံ အာမခံနှင့် မီးအာမခံ ထားရှိရမည်။

(ဂ) နှစ်စဉ်မြေပေါ်ပစ္စည်းလက်ကျန်စာရင်းကို အဖွဲ့ဖြင့် စစ်ဆေးကောက်ခံရန်နှင့် ပျောက်ဆုံး ပျက်စီးပစ္စည်းများကို လုပ်ထုံးလုပ်နည်း နှင့်အညီ ပယ်ဖျက်ရမည်။

(ဃ) ပစ္စည်းများ ဝယ်ယူမှုရှိတိုင်း အဖွဲ့ဖြင့်ဝယ်ယူခြင်း၊ ဖွင့်ဖောက်စစ်ဆေးခြင်းနှင့် လယ်ဂျာသွင်းခြင်းများကို လုပ်ထုံးလုပ်နည်းနှင့် အညီ ဆောင်ရွက်ရမည်။

## အခန်း (၁၁)

## အထွေထွေ

၃၅။ ဥပဒေပုဒ်မ-၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅ တို့အရ တရားစွဲဆိုခြင်းအား သက်ဆိုင်ရာ ဦးစီးဌာနက တာဝန်ယူဆောင်ရွက်ရမည်။

၃၆။ ကော်မတီသည် မန္တလေးတိုင်းဒေသကြီးအတွင်း သယ်ယူပို့ဆောင်ရေး ဆောင်ရွက်လျက်ရှိသည့် ခရီးသည်တင်ရေယာဉ်၊ ကုန်တင်ရေယာဉ်နှင့် မြင်းကောင်ရေ(၂၀)အောက် စက်တပ်ရေယာဉ်များကို ကြီးကြပ်ရန်အတွက် ရေယာဉ်များတွင် သတ်မှတ်ထားသော အမှတ်အသားတံဆိပ်များ တပ်ဆင်

ထုတ်ပေးခွင့်ပြုရန် ဝန်ကြီးထံသို့ တင်ပြပြီး ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်ရမည်။

၃၇။ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကော်မတီများသည် ၁၉၆၃ခုနှစ်၊ ကုန်းလမ်းနှင့် ပြည်တွင်းရေကြောင်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ဥပဒေအရ ဖွဲ့စည်းတာဝန်ပေးအပ်သော မန္တလေးတိုင်းဒေသကြီး ပြည်တွင်းရေကြောင်း သယ်ယူပို့ဆောင်ရေး လုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တာဝန်ခံရမည်။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီး

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့